Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၈

# အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူခြင်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

# သင်ရိုးပိုင်း ၈။ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုလေ့လာသည့် **သင်ရိုးပိုင်း ၁၅ ခုမှ အဋ္ဌမ**ပိုင်းဖြစ်ပါသည်။ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံရှိ ပညာသင်ကြားသူများနှင့် ပညာရေးကိုလေ့လာသင်ယူနေသူများအတွက် ဖြစ်ပါသည်။ ကျောင်းသူ/သားနှင့် သင်ယူသူဟူသော ဝေါဟာရများကို သင်ရိုးပိုင်းတစ်လျှောက် လဲလှယ်သုံးစွဲသွားပါမည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းမေးခြင်းနှင့် တုံ့ပြန်ဖြေကြားခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| **၈** | **အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူခြင်း** |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိ ကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေ အားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အရေးကြီးသောအပိုင်းတစ်ခုဖြစ်ကြောင်း၊



Implemented by: BRITISH COUNCIL The Open University VSO montrose

လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာနကျလှကျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရာက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပံ့၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက်ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။



Implemented by: BRITISH COUNCIL The Open University VSO montrose

## သင်ရိုးပိုင်း ၈ သင်ယူမှုရလဒ်များ

| |
|---|
| **ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင် လုပ်ဆောင်နိုင်ပါမည်။** |
| **၁. အချင်းချင်း၊ ပူးတွဲနှင့် ပူးပေါင်းသင်ယူခြင်း အသိသညာနှင့် အားသာချက်များကိုဆွေးနွေးခြင်း** |
| **၂. အတန်းတွင်း၌ ဤသင်ယူမှုအမျိုးအစားများ၏သာဓကများကို သိရှိခြင်း** |
| **၃. မိမိစာသင်ခန်းတွင်း ပူးတွဲနှင့်ပူးပေါင်းသင်ယူမှုကို မြှင့်တင်ပေးမည့် ဗျူဟာများကို သရုပ်ပြခြင်း** |
| **၄. မိမိ၏ သင်ကြားရေးအလေ့အကျင့်ကိုပြန်လည်သုံးသပ်ပြီး အချင်းချင်း၊ ပူးတွဲနှင့် ပူးပေါင်းသင်ယူမှုကို အခွင့်အလမ်းများပေးနိုင်စေရန် သင်ခန်းစာအစီအစဉ်များကို သင့်တော်အောင် ပြုပြင်ပြောင်းလဲခြင်း** |

ဤ**အဋ္ဌမသင်ရိုးပိုင်း**တွင် အားလုံးအကျုံးဝင်မှု၏ဆိုလိုရင်း၊ အဘယ်ကြောင့်၎င်းကိုလိုအပ်ပုံနှင့် အားလုံးအကျုံးဝင်သည့် ကျောင်းနှင့်ဆရာ/မများ၏ စရိုက်လက္ခဏာများအကြောင်းကို သင်တန်းသူ/သားများအား ဆက်လက်တွေးတောစေပါမည်။ သင်ရိုးပိုင်း လုပ်ဆောင်ချက်များပြီးအောင်လုပ်ရန် ၇ နာရီခန့်ကြာမြင့်ပါမည်။ ကျောင်းသူ/သားအချင်းချင်း သင်ယူမှုတွင်ပံ့ပိုးနိုင်ပုံ၊ သင်တန်းသူ/သားများသည် အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှုကို ပံ့ပိုးကူနိုင်ပုံတို့ကိုစဉ်းစားရန် ဤသင်ရိုးပိုင်းက ကူညီပေးပါမည်။ ဤသင်ရိုးပိုင်း၏ အဓိကအချက်မှာ ကျောင်းသူ/သားများ ပိုမိုပူးပေါင်းသည့်နည်းများဖြင့် သင်ယူနေစဉ် ဆရာ/မများ၏ အခန်းကဏ္ဍပြောင်းလဲပုံကို နားလည်စေရန်ဖြစ်ပါသည်။ ဆရာ/မများ၏အခန်းကဏ္ဍသည် အစဉ်အလာအရသင်ကြားပုံနှင့် အတော်အတန် ခြားနားသွားပါလိမ့်မည်။

## သင်ရိုးပိုင်း ၈ လုပ်ဆောင်ချက်များအတွက်နောက်ထပ်ညွှန်ကြားချက်များ

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၇ အားပြန်လှန်သုံးသပ်သည့် စစ်ဆေးမှုဖြစ်ပါသည်။ ယခင်သင်ရိုးပိုင်း အကြောင်းအရာများကို သင်ယူသူများအားအမှတ်ရစေကာ ဤသင်ရိုးပိုင်း အတွက် ပြင်ဆင်ရာတွင်အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေ ပါသည်။ ပထမအကြိမ်လုပ်ပြီးလျှင် အဖြေ တိုက်ရန် သင်ရိုးပိုင်း ၇ ကိုပြန်ကြည့်ပါစေ။<br><br>ကျောင်းသူ/သားများ ပိုမိုတက်ကြွစွာသင်ယူရန် သင်တန်းသားများ သင်ရိုးပိုင်း ၇ ကို သုံးခဲ့သည်နည်းများကို ဆွေးနွေးပါ။ ၎င်းသည် သင်ကြား/သင်ယူရေးအပေါ် မည်သို့ သက်ရောက်မှု ရှိခဲ့ပါသနည်း။ |
| နိဒါန်း | 'အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု'ကို မည်သို့နားလည်ကြောင်း သင်တန်းသူ/သားများကို မေးပါ။ မည်သည်ကိုသိရှိလိုပါသနည်း။ သင်ရိုးပိုင်းတစ်လျှောက် ဖြေကြားလိုသည့် |



Implemented by: BRITISH COUNCIL, The Open University, VSO, montrose

| **လုပ်ဆောင်ချက်** | **ထပ်မံစဉ်းစားဖွယ်အချက်များ** |
|---|---|
| | မေးခွန်းများကိုရေးသားပါ။ ဆွေးနွေးလိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ယခင်က ဤနည်းများကိုသုံးခဲ့ဖူးလျှင် ကြုံခဲ့သည့်စိန်ခေါ်မှုများကို ဆွေးနွေးလိုက ဆွေးနွေးနိုင်ပါသည်။ |
| ပထမအကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်မိမိရိုးရိုးသားသား စစ်ဆေးရန် အချို့သင်တန်းသူ/သားများကိုဆော်သြရန်လိုအပ်ပါမည်။ ဤစစ်ဆေးမှုရလဒ်ကို သင်ရိုးပိုင်းအဆုံးသတ် စစ်ဆေးမှုနှင့် နှိုင်းယှဉ်ခြင်းဖြင့် မိမိတို့သင်ယူမှုကို နှိုင်းယှဉ်ပြီးပြန်လည်သုံးသပ်နိုင်ပါသည်။ |
| အပိုင်း ၂ သင်ယူမှုရလဒ်များ (မည်မျှတတ်မြောက် ခဲ့ပါသနည်း) | ကျောင်းသူ/သားများ'ကိုယ်တိုင်ကိုယ်ကျ'လေ့လာနိုင်ရန် အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူရန်အခွင့်အလမ်းများ မည်မျှပေးခဲ့ကြောင်း တွေးစေပြီးလျှင် အခြားသူများနှင့် အတူသင်ယူမှုသည် အရေးပါသည့် တစ်သက်သာကျွမ်းကျင်မှု ဖြစ်ပုံကို စဉ်းစားကြပါစေ။ |
| လုပ်ဆောင်ချက် ၈.၁ - အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူမှုကို သင်မည်သို့ နားလည်သနည်း | အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု၏ ဆိုလိုရင်းကို သင်တန်းသူ/သားများအား မေးမြန်းပါ။ ထိုသင်ယူနည်းများ ခြားနားပုံကို တွေးတောစေပြီး စိတ်ကူးများကို သင်ယူမှု ဂျာနယ်တွင် မှတ်သားပါ။<br><br>ပိုမိုကျယ်ပြန့်သည့် ပညာရေးလောကပြင်ပ အခင်းအကျင်းရှိ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူမှု သာဓကများကို အုပ်စုဖွဲ့ ဆွေးနွေးကြပါစေ။ လိုအပ်သည့် ကျွမ်းကျင်မှုများကို ငယ်စဉ်မှ မည်ကဲ့သို့စတင် ပျိုးထောင်နိုင်ပါသနည်း။ |
| လုပ်ဆောင်ချက် ၈.၂ - သင်ယူပုံနှင့် အဆိုများကိုတွဲပေးပါ။ | ဤလုပ်ဆောင်ချက်တွင် သင်ယူပုံနှင့်ဖော်ပြချက်ကို တွဲစေပါသည်။ သင်ယူပုံများအကြောင်း ရှုပ်ထွေးနေဆဲဖြစ်လျှင် ယခင်အပိုင်းမှ စာပိုဒ်ကိုပြန်ဖတ်စေပြီး ခြားနားချက်ကို ဆွေးနွေးပါ။ |
| လုပ်ဆောင်ချက် ၈.၃ - အချင်းချင်း သင်ယူမှု ဥပမာများ | သင်တန်းသူ/သားများအား အတန်းမတက်မီ အချင်းချင်းသင်ယူမှုအကြောင်း ဗီဒီယိုကို ဦးစွာကြည့်ရန် အကြံပြုပါ။ သင်ရိုးပိုင်းမှ တတ်မြောက်ထားသည်များကို ပြန်လည်သုံးသပ်ရန်နှင့် အချင်းချင်း သင်ယူနည်းများအကြောင်း စဉ်းစားချိန်ပိုရပါမည်။ ထိုနည်းများကို ယခင်က သုံးဖူးခြင်းရှိမရှိနှင့် ၎င်းတို့၏အတွေ့အကြုံကို မေးမြန်းပါ။ သင်ယူမှုအပေါ် သက်ရောက်ပုံကို ၎င်းတို့မည်သို့ထင်မြင်ပါသနည်း။<br><br>https://www.youtube.com/watch?v=SaLgg8QrBCY |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
| --- | --- |
| | တွေးတော၊ တွဲဖက်၊ ဝေမျှခြင်း၊ မိမိမတိုင်မီသုံးခု၊ ဂျစ်ဆောအုပ်စု လုပ်ဆောင်ချက်များကို နမူနာလုပ်ပြပါ။ ၎င်းတို့ထိုနည်းများသုံးခြင်းအပေါ် သင်တန်းသူ/သားများ၏ ထင်မြင်ချက် နှင့် ကျောင်းသူ/သားများနှင့် မည်မျှစိတ်ချလက်ချ သုံးနိုင်ပြီဖြစ်ကြောင်း မေးမြန်းပါ။<br><br>အတန်းတွင်း နည်းအမျိုးမျိုးကို ကျောင်းသူ/သားမျိုးစုံနှင့်သုံးခြင်း၏ အားသာချက်နှင့် အားနည်းချက်ကိုအုပ်စုဖွဲ့စဉ်းစားကြရန်။ သင်တန်းသားစာအုပ်တွင် အတွေးအမြင်အချို့ဖြင့် အစပျိုးပေးထားပါသည်။ |
| လုပ်ဆောင်ချက် ၈.၄ - ပူးတွဲသင်ယူမှု၏ အားသာချက်/ အားနည်းချက်များ | ပူးတွဲသင်ယူမှု ဥပမာများ ဖတ်ပြီးလျှင် နည်းများအကြောင်း ပြောဆိုပြီး ဖြစ်နိုင်ချေရှိသော အခက်အခဲနှင့် အားနည်းချက်များအကြောင်း သင်တန်းသူ/သားများကို မေးမြန်းပါ။ ၎င်းတို့ကို ကျော်လွှားနိုင်ပုံအကြောင်း ပြောဆိုပြီးလျှင် အားသာချက်များကို ဆက်လက် ဆွေးနွေးပါ။<br><br>ကျွမ်းကျင်သူအုပ်စုများ၊ ငါးအလှမွေးဖန်အိုး၊ အမေးအဖြေအတွဲတို့အကြောင်း ဆွေးနွေးစဉ် သင်တန်းသူ/သားများသည် မိမိတို့၏ကျောင်းသူ/သားများအကြောင်းကို တွေးတောကာ ထိုသင်ယူပုံများက တပည့်များကို အကျိုးရှိနိုင်ပုံအကြောင်း သုံးသပ်ပါ။ ကျောင်းသူ/သား အားလုံးပါဝင်ပြီး အောင်မြင်နိုင်စေရန် သင့်တော်အောင်ပြောင်းလဲမှုများလုပ်ရန် လိုအပ်ပါမည်လား။ |
| လုပ်ဆောင်ချက် ၈.၅ - ပူးပေါင်းသင်ယူမှု သာဓကများ | ပူးပေါင်းသင်ယူမှုအကြောင်း ဗီဒီယိုကြည့်ပြီး ယခင်ကသုံးဖူးခြင်းရှိမရှိမေးပါ။ သင်ယူမှုအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိပါသနည်း။<br><br>https://www.youtube.com/watch?v=ncyXxMcmWhE<br><br>ဒီလန်ဝီလျံ၏ အလုပ်နှင့် ၎င်း၏ 'reporter'သုံးပုံကိုမိတ်ဆက်ပေးပါ။ လုပ်ဆောင်ချက်ကို သင်တန်းသူ/သားများနှင့် လုပ်ပြီး အုပ်စုဝင်တစ်ဦးကို 'အစီရင်ခံသူ'လုပ်စေကာ အုပ်စုမှ လုပ်ဆောင်ထားသည်များကို ကျန်အုပ်စုဝင်များထံ အစီရင်ခံပါစေ။<br><br>https://www.youtube.com/watch?v=TqBNWEQmBRM<br><br>'အုပ်စုအ**တွင်း**လုပ်ဆောင်ခြင်းထက် အုပ်စု**အနေဖြင့်**လုပ်ဆောင်ရန်'ဟူသော အဆိုကို ရေးချပါ။<br><br>ယခင်အပိုင်းမှ တွေးတော တွဲဖက် ဝေမျှမှုဖြင့် ထိုအဆို၏ဆိုလိုရင်းကို ဆွေးနွေးကြပါစေ။ ကျောင်းသူ/သားများကို သင်တန်းသူ/သားများကသင်ကြားမှုနှင့်မည်သို့သက်ဆိုင်မည်နည်း။<br><br>ဆရာ/မအခန်းကဏ္ဍအကြောင်း၊ ကျောင်းသူ/သားများ ပူးပေါင်းလုပ်ဆောင်သည့်အခါ ဆရာ/မ၏ အခန်းကဏ္ဍမည်သို့ရှိနိုင်ကြောင်းကို စတင်စူးစမ်းပါ။ ဆရာ/မမှ ဘာလုပ်နေ မည်ဟု သင်တန်းသူ/သားများက ထင်ကြပါသနည်း။ |



Implemented by: BRITISH COUNCIL The Open University VSO montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၈.၆ - အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်းသင်ယူမှု သုံးသည့်အခါ မှတ်မိခြင်း | သင်ယူမှုပိုရမစ်ကိုကြည့်ပြီး ကျောင်းသူ/သားများအတွက် အထူးစွဲကျန်ရစ်သည့် သင်ခန်းစာတစ်ခုကို ပြန်လည်သုံးသပ်ကြပါစေ။ သင်ခန်းစာအောင်မြင်ရခြင်း အကြောင်းရင်းအပေါ် ထင်မြင်ချက်ကို သင်ယူမှုဂျာနယ်တွင် ရေးသားကြပါစေ။ ကျောင်းသူ/သားများ စိတ်ပါဝင်စားအောင် လုပ်ပုံကိုမေးပါ။ ဥပမာ ကျောင်းသူ/သားများအား ၎င်းတို့သင်ယူမှုအကြောင်း ဆွေးနွေးရန် အချိန်ပေးပါသလား။<br><br>သက်ဝင်လှုပ်ရှားနေသည့် စာသင်ခန်းပုံတစ်ခုကိုပြပြီး သင်ယူမှုပိရမစ်၏ မည်သည့် အဆင့်တွင် ရှိမည်ဖြစ်ကြောင်း ဆွေးနွေးကြပါစေ။ သင်တန်းသူ/သားများအား ၎င်းတို့၏ သင်ခန်းစာ ဥပမာများကိုဝေမျှစေကာ ပိရမစ်အတွင်းမှတ်မိခြင်းအတွက် မည်သည့်အဆင့်တွင်ရှိနိုင်ကြောင်း ပြောဆိုကြပါစေ။ |
| လုပ်ဆောင်ချက် ၈.၇ - အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု ရေးခြင်း | ပူးတွဲနှင့်ပူးပေါင်းသင်ယူမှုအကြောင်း ဖတ်ပြီးသမျှ သင်တန်းသူ/သားများ တွေးတောကြ ပါစေ။ ခြားနားချက်ကို ရှင်းပြနိုင်ကြပါမည်လား။ နှစ်ဦးစီတွဲပြီး မိမိအဖော်က မှန်းဆကြည့်ရန် သင်ယူပုံတစ်ခုကို သရုပ်ဖော်ပြစေပါ။<br><br>ခက်ခဲနေလျှင် ရေးပြီးသမျှမှတ်စုများ၊ ယခင်သင်ရိုးပိုင်းမှကဏ္ဍများကို ပြန်ကြည့်လိုက ကြည့်နိုင်ပါသည်။ |
| လုပ်ဆောင်ချက် ၈.၈ - စာသင်ခန်းတွင်း အခင်းအကျင်း | ဤအပိုင်းတွင် အိန္ဒိယကျောင်းများမှ စာသင်ခန်းတွင်းလုပ်ဆောင်ချက်များကို (အင်္ဂလိပ်စကားပြောနောက်ခံ)ပြသသည့် ဗီဒီယိုသုံးကားပါပါသည်။ ဤသင်ရိုးပိုင်းတွင် ဆွေးနွေး ခဲ့သည့် နည်းများစွာကိုလက်တွေ့သုံးပုံကို သင်တန်းသူ/သားများမြင်ရန် ဗီဒီယိုတွင် ပြသထားပါသည်။<br>https://www.youtube.com/watch?v=tR2hIYOpBcI&feature=youtu.be<br>https://www.youtube.com/watch?v=Qm2hp-hNEI4<br>https://www.youtube.com/watch?v=UHQwZlU2o80&feature=youtu.be<br><br>ဖြစ်နိုင်လျှင် သင်တန်းသူ/သားများနှင့် ဗီဒီယိုအတူတူကြည့်ပြီး အောက်ပါကဲ့သို့ အစဖော်ထောက်ပေးပါ။<br><br>• ဗီဒီယိုတစ်ခုချင်းတွင် မည်သည့် လက္ခဏာများကို မြင်ရပါသနည်း။<br>• ကျောင်းသူ/သားအားလုံး၏ ပံ့ပိုးလုပ်ဆောင်မှုများကို မည်သို့တန်ဖိုးထားပါသနည်း။<br>• သင်တန်းသူ/သားများ ဤအတွေးအမြင်များကို အတန်းတွင်း သုံးနိုင်ပါသလား။<br>• ထိုအတွေးအမြင်များကို စမ်းသပ်ရန် မည်မျှစိတ်ချပါသနည်း။ |



Implemented by: BRITISH COUNCIL The Open University VSO montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၈.၉ - ဆရာ့အခန်းကဏ္ဍအဖုံဖုံ | ဆရာ/မ၏အခန်းကဏ္ဍ၊ သင်တန်းသူ/သားများ အချင်းချင်း၊ ပူးတွဲ၊ ပူးပေါင်း သင်ယူနည်းများကို သုံးကြသည့်အခါ ထိုအခန်းကဏ္ဍခြားနားနိုင်ပုံကို ဤလုပ်ဆောင်ချက်က အာရုံစိုက်သဖြင့် အချိန်ပေးလုပ်ဆောင်ကြပါစေ။ ဇယားကို သင်ယူမှုဂျာနယ်ထဲ ကူးဆွဲစေပြီး အထိရောက်ဆုံးဟု ထင်မြင်သည့် အဆိုများကို အမှတ်ခြစ်ကြရန်။ နှစ်ယောက်တွဲပြီး ရွေးသည့် အဖြေများကို မိမိအဖော်ကိုရှင်းပြကြပြီးလျှင် အတန်းတွင်း ဝေမျှစေပါမည်။ အဖြေများကို သင်တန်းသားစာအုပ်တွင် အကြံပြုထားပါသည်။ တစ်ခုချင်း ဆွေးနွေးအပြီး အဖြေများကို ပြောင်းလိုက ပြောင်းကြပါစေ။ |
| လုပ်ဆောင်ချက် ၈.၁၀ - အခင်းအကျင်း - မည်သည့် နည်းက အကောင်းဆုံး ဖြစ်ပါမည်နည်း | ဤလုပ်ဆောင်ချက်တွင် အခင်းအကျင်းများချပေးပြီး သင်တန်းသူ/သားများက သင့်တော် သည့် သင်ယူနည်းတစ်ခုကို အကြံပြုရပါမည်။ သင်ရိုးပိုင်းအဆုံးသတ် စစ်ဆေးအကဲဖြတ်မှု အဖြစ် သုံးနိုင်ပါသည်။ |
| နိဂုံး | သင်ရိုးပိုင်းနှင့်အဓိကအချက်များကို စုစည်းခိုင်မာစေပါမည်။ လုပ်ဆောင်ချက်မရှိပါ။ |
| သင်ရိုးပိုင်း ၈- အဆုံးသတ်ပဟေဠိ | သင်တန်းသူ/သားများ သင်ရိုးပိုင်းကို နားလည်မလည် စစ်ဆေးသည့် အဖြေမှန်ရွေးရမည့် လေ့ကျင့်ခန်း ဖြစ်ပါသည်။ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ရန်၊ ရာနှုန်းပြည့်မှန်ကန်ရန် လိုအပ်သလောက် အကြိမ်ကြိမ် ပြန်ဖြေကြရန် အားပေးပါ။ |
| သင်ရိုးပိုင်း ၈ အဆုံးသတ် ပဟေဠိအဖြေ | ရာနှုန်းပြည့်မှန်ကန်သည့်တိုင် မေးခွန်းများကို ပြန်လည်ဖြေဆိုသင့်ပါသည်။ အချို့ မေးခွန်းများအတွက် အဖြေတစ်ခုထက်ပိုနိုင်ကြောင်း သတိချပ်ကြပါစေ။ အဖြေများအတွက် ရှင်းလင်းချက်များကို ဖတ်ရှုရန်နှင့် မရှင်းလျှင် ဆွေးနွေးကြရန် အားပေးပါ။ |
| လုပ်ဆောင်ချက် ၈.၁၁ - မိမိသင်ကြားရေး အလေ့အကျင့်ကို ပိုမိုကောင်းမွန် တိုးတက်စေခြင်း | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခု ပေးထားပါသည်။ ဌာနမှူးပေးသည့် အဆိုနှစ်ခုကို ဖြည့်ရပါမည်။ သင်တန်းသူ/သားများ နှစ်ယောက်တွဲ သရုပ်ဆောင်စေပြီး အတန်းတွင်ပြန်ပြောပြကြရန်။ အဖြေ ပေးသည့်အခါ မည်မျှယုံကြည်စိတ်ချကြောင်းမေးမြန်းပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေးကြပါစေ။ |
| မိမိကိုယ်မိမိ စစ်ဆေး အကဲဖြတ်ခြင်း | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းက ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်းဖြစ်ပါသည်။ ၎င်းတို့ ယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်ပြီး အမှတ်ချင်းနှိုင်းယှဉ်ကြည့်ကြပါစေ။ |
| အဌမကတိ | သင်ရိုးပိုင်း ၈ မှ သိရှိမှတ်သားသွားမည့် အချက်တစ်ချက်ကို သင်တန်းသူ/သားများအား စဉ်းစား စေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား |

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကို မှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် 'ကတိများ'ဟူသည့် အပိုင်းတစ်ခု ထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

## သင်ရိုးပိုင်း ၈ အဆုံးသတ်ပဟေဠိ အဖြေ

အဖြေကို**စာလုံးအမည်းရင့်**ဖြင့်ပေးထားသည်။

မေးခွန်း ၁ - အချင်းချင်းသင်ယူမှုဟူသည် အဘယ်နည်း (အဖြေတစ်ခုရွေးပါ)

**ဂ. လုပ်ဆောင်ချက် သို့မဟုတ် အသိသညာတစ်ခုဖြင့် ကျောင်းသူ/သားအချင်းချင်း သင်ကြား၊ သင်ယူ၊ ပံ့ပိုးပေးရသည့် အနေအထားဖြစ်သည်။**

ရှင်းလင်းချက် - အချင်းချင်းသင်ယူမှုတွင် ဆရာ/မ၏ ဦးဆောင်မှုဖြင့် ကျောင်းသူ/သားများသည် အသိသညာသစ်၊ အကြောင်းအရာသစ်ကို အခြားကျောင်းသူ/သားများနှင့်အတူတူ လေ့လာနိုင်ပြီး အချင်းချင်းသင်ကြားသင်ယူခွင့်ပေးပါသည်။ အမြင်များကျယ်လာစေရန်၊ အသိပညာအသစ်နှင့်အဟောင်းကို အဓိပ္ပါယ်ရှိရှိချိတ်ဆက်နိုင်ရန်နှင့် လူမှုဆက်ဆံရေးဖော်ဆောင်ရန် အထောက်အကူပြုပါသည်။

မေးခွန်း ၂ - မည်သည်က ပူးပေါင်းသင်ယူမှု၏ အဓိကစရိုက်လက္ခဏာများ ဖြစ်ပါသနည်း။ (အဖြေ ၃ ခုရွေးပါ)

**က. ဆရာ/မက ရှင်းပြခြင်း၊ အချို့အကြောင်းအရာများကိုဖတ်ရှုခြင်းဖြင့် အသိသညာသစ်တစ်ရပ်ကို မိတ်ဆက်ပေးပြီးသည့်အခါ ကောင်းကောင်းသုံးနိုင်ပါသည်။ ကျောင်းသူ/သားတစ်ဦးချင်း ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်တို့ပူးပေါင်းပြီး တူညီသည့် သင်ယူမှုပန်းတိုင်ကို အထမြောက်စေပြီး အချက်အလက်အသစ်များလည်းရရှိစေပါသည်။**

**ဂ. အောင်မြင်မှုမှာ ကျောင်းသူ/သားတစ်ဦးချင်း၏ အားသာချက်အပေါ် မူတည်ပြီး မိမိကိုယ်တိုင်နှင့် အချင်းချင်းသင်ယူမှုအတွက် ကျောင်းသူ/သားများတာဝန်ရှိပါသည်။ မိမိအတွက် ကိုယ်တိုင်စီမံခန့်ခွဲခြင်း၊ လူမှုရေးရာ သတိမူခြင်းတို့ တိုးတက်လာပြီး ကျောင်းသူ/သားများ၏ ဆက်ဆံရေး ဆက်သွယ်ရေးကျွမ်းကျင်မှုများကို ဖွံ့ဖြိုးစေပါသည်။**

**ဃ. အလုပ်ပြီးမြောက်စေရန် ကျောင်းသူ/သားများကစုရုံးစီစဉ်ပြီး အရင်းအမြစ်များ ရှာဖွေကြပါသည်။ (ကျောင်းသူ/သားများ တောင်းဆိုလျှင် ကူညီနိုင်သော်လည်း) ဆရာ/မက စောင့်ကြည့်လေ့လာခြင်းမလုပ်ဘဲ ကျောင်းသူ/သားများက မိမိအတွက်နှင့် အုပ်စုလိုက်ဆောင်ရွက်ချက်ကို စစ်ဆေးအကဲဖြတ်ကြပါသည်။**



Implemented by: BRITISH COUNCIL The Open University VSO montrose Creating pragmatic solutions that make life better

ရှင်းလင်းချက် - ပူးပေါင်းသင်ယူမှုတွင် ပြဿနာဖြေရှင်းရေးအတွက် အတွေးအမြင်များကိုစူးစမ်းရန်၊ အလုပ်ပြီးမြောက်စေရန်၊ လုပ်ငန်းတစ်ခုဖန်တီးရန် ကျောင်းသူ/သားများ အုပ်စုဖွဲ့လုပ်ဆောင်ကြပါသည်။ ကျောင်းသူ/သားအသီးသီးသည် သီးသန့် အခန်းကဏ္ဍ တစ်ခုစီတွင်ပါဝင်ပြီး အဖွဲ့၏သင်ယူမှုနှင့် အောင်မြင်မှုအတွက် တာဝန်ရှိပါသည်။ ဥပမာ ကျောင်းသူ/သားတစ်ဦးချင်း အလုပ် တစ်ပိုင်းစီ ဆောင်ရွက်ပြီး အုပ်စုကပြန်လည်စုစည်းပေးပါသည်။ ကိုယ်တိုင်ဦးဆောင်ခြင်းဖြစ်ပြီး ဆရာ/မထံမှ ညွှန်ကြားချက် မရှိပါ။ မိမိတို့၏အခန်းကဏ္ဍ၊ အရင်းအမြစ်နှင့်ဖွဲ့စည်းပုံကို စုပေါင်းဆုံးဖြတ်ကြသည်။ လိုအပ်လျှင် ဆရာ/မက အကြံပေးနိုင် ပါသည်။

မေးခွန်း ၃ - ပူးတွဲသင်ယူမှုဟူသည်အဘယ်နည်း။ (တစ်ခုရွေးပါ)

**ခ) ကျောင်းသူ/သားတစ်ဦးချင်း မိမိ၏သင်ယူမှုကို ကိုယ်တိုင်တာဝန်ယူပြီး အခြားအုပ်စုဝင်အားလုံး မိမိတို့သင်ယူနေသည့် အရာများကို နားလည်စေရန် သင်ယူသူသည် မိမိ၏အသိပညာနှင့်အရင်းအမြစ်များကို သုံးရန်လိုအပ်ပါသည်။ ပုံစံတကျ၊ အခန်းကဏ္ဍ၊ တာဝန်များကို ချမှတ်ထားသော်လည်း ညှိနှိုင်းရန် လမ်းဖွင့်ထားပြီး ဦးဆောင်ညွှန်ကြားသူတစ်ဦးမှ လုပ်ငန်းကို နီးနီးကပ်ကပ် ကြီးကြပ်ပေးပါသည်။**

ရှင်းလင်းချက် - ပူးတွဲသင်ယူမှုအတွင်း ကျောင်းသူ/သားတစ်ဦးချင်းသည် မိမိတို့ကိုယ်တိုင်အတွက်သာမက အုပ်စုတစ်ခုလုံး၏ သင်ယူမှုနှင့်အောင်မြင်ရေးအတွက် တာဝန်ရှိပါသည်။ အုပ်စုဝင်အားလုံး မိမိတို့သင်ယူနေကြသည်ကို နားလည်စေရန် တစ်ဦးချင်းသည် မိမိ၏အသိပညာ၊ အရင်းအမြစ်များကို အသုံးပြုရန်လိုပါသည်။

ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားအသီးသီးသည် သီးသန့်စီတိုးတက်မှုရှိပြီး ပူးတွဲသင်ယူမှုတွင်မူတွင် အပြန်အလှန် အမှီသဟဲပြုမှုနှင့် တာဝန်ခံမှုတို့ပိုမိုရှိကြပါသည်။ ကျကျနနပြင်ဆင်ထားသည့် ပူးတွဲသင်ယူမှု လုပ်ဆောင်ချက်တွင် ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များသတ်မှတ်ထားသော်လည်း ညှိနှိုင်းနိုင်ကာ လုပ်ငန်းကိုနီးနီးကပ်ကပ်ကြီးကြပ်သူလည်းရှိပါသည်။ လုပ်ငန်းအောင်မြင်မှုသည် အပြန်အလှန်ဆက်စပ်နေသည့် အခန်းကဏ္ဍများအချင်းချင်း ပံ့ပိုးမှုအပေါ် မူတည်ပါသည်။

မေးခွန်း ၄ - အောက်ပါတို့အနက် မည်သည်က ပူးပေါင်းသင်ယူမှုနှင့် ပူးတွဲသင်ယူမှုအကြား ခြားနားချက်ကို ပြသပါသနည်း။ (၂ ခု ရွေးပါ)

**က) ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားတစ်ဦးချင်း ကိုယ်စီကိုယ်ငှတိုးတက်သော်လည်း ပူးတွဲသင်ယူမှုတွင် အပြန်အလှန် အမှီသဟဲပြုခြင်း၊ တာဝန်ခံခြင်းတို့ ပိုရှိသည်။**

**ဂ) ပူးတွဲသင်ယူမှုတွင် ဆရာ/မက ညွှန်ကြားခြင်း၊ အရင်းအမြစ်ထောက်ပံ့ခြင်း (သို့) ကျောင်းသူ/သားများကို အရင်းအမြစ်ထံ လမ်းညွှန်ပေးခြင်းတို့လုပ်ဆောင်ပြီး ပူးပေါင်းလုပ်ဆောင်ရာတွင် ဆရာ/မက လိုအပ်လျှင် အကြံပေးသူအဖြစ် ဆောင်ရွက်သည်။**

ရှင်းလင်းချက် - ပူးပေါင်းသင်ယူမှုတွင် ကျောင်းသူ/သားများ ကိုယ်စီကိုယ်ငှတိုးတက်မှုရှိပြီး ပူးတွဲသင်ယူမှုတွင်မူ အပြန်အလှန် အမှီသဟဲပြုမှု၊ တာဝန်ခံမှုတို့ပိုရှိပါသည်။

မေးခွန်း ၅ - အောက်ပါတို့အနက် မည်သည်က ‘အချင်းချင်းသင်ယူမှု’ ‘ပူးပေါင်းသင်ယူမှု’ ‘ပူးတွဲသင်ယူမှု’တို့၏ အကျိုးကျေးဇူးကို ပြဆိုပါသနည်း။ (၄ ခု ရွေးပါ)

**က) ကျောင်းသူ/သား၏လူမှုရေးရာနှင့်ဆက်သွယ်ရေးကျွမ်းကျင်မှု၊ တာဝန်သိစိတ်တို့ကိုတိုးတက်စေသည်။**

**ဂ) ကျောင်းသူ/သားများအား မိမိကိုယ်မိမိ ပိုမိုယုံကြည်စိတ်ချစေသည်။**

**ဃ) အချင်းချင်း ရှင်းပြခြင်း၊ သင်ကြားခြင်းဖြင့် ကျောင်းသူ/သားများသည် နက်နဲသည့်သင်ယူမှုအတွေ့အကြုံများ ရရှိသည်။**

**စ) ကျောင်းသူ/သားများ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည်။**

ရှင်းလင်းချက် - အချင်းချင်း၊ ပူးပေါင်း၊ ပူးတွဲသင်ယူမှုမှ သင်ကြား/သင်ယူရေးလုပ်ငန်းစဉ်အတွက် အကျိုးကျေးဇူးများစွာကြီးပါသည်။ ကျောင်းသူ/သားများ၏ လူမှုရေးရာနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှုများ၊ တာဝန်သိမှုနှင့် မိမိကိုယ်မိမိယုံကြည်မှုတို့ တိုးတက်စေပါသည်။ အဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်းသူ/သားအချင်းချင်းနားလည်ပြီး မိမိတို့ကိုယ်တိုင် သင်ယူမှုတွင် တက်တက်ကြွကြွပါဝင်လာပါသည်။

မေးခွန်း ၆ - ပူးတွဲသင်ယူမှုလုပ်ဆောင်ချက်တစ်ခုကို စီစဉ်ရာတွင် မည်သည်ကပဓာနကျပါသနည်း။ (၁ ခု ရွေးပါ)

**ခ) ကျောင်းသူ/သားတစ်ဦးချင်းအတွက် ပုံစံ၊ အခန်းကဏ္ဍနှင့် တာဝန်များကို ဆရာ/မက သတ်မှတ်ပေးသည်။**

ရှင်းလင်းချက် - ကျကျနနစီစဉ်ထားသည့် ပူးတွဲသင်ယူမှုလုပ်ဆောင်ချက်တွင် ပုံစံ၊အခန်းကဏ္ဍနှင့် တာဝန်များကို သတ်မှတ်ထားသော်လည်း ညှိနှိုင်းရန်လမ်းဖွင့်ပေးထားပြီး လုပ်ငန်းကိုနီးနီးကပ်ကပ်ကြီးကြပ်သူလည်း ရှိပါသည်။ လုပ်ငန်းအောင်မြင်မှုသည် အပြန်အလှန်ဆက်စပ်နေသည့် အခန်းကဏ္ဍအားလုံး အချင်းချင်း ပံ့ပိုးမှုအပေါ် မူတည်ပါသည်။ အခြား ကျောင်းသူ/သားများ ပန်းတိုင်ရောက်ကာမှ မိမိတို့လည်း သင်ယူမှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ကြောင်း ကျောင်းသူ/သားများ သိကြပါသည်။ ပြဇာတ်ထုတ်လုပ်ရေးမှ သရုပ်ဆောင်သူများနှင့်ပံ့ပိုးသည့်အဖွဲ့များကဲ့သို့ပင် ပူးပေါင်းဆောင်ရွက်ရာတွင် အချင်းချင်း အမှီသဟဲပြုမှု၊ တာဝန်ခံမှုတို့ လိုအပ်ပါသည်။

**မေးခွန်း ၇ - အုပ်စုဖွဲ့လုပ်ဆောင်မှုအတွင်း ဆရာ/မသည် မည်သည့်အခန်းကဏ္ဍမှပါဝင်ပါသနည်း။**

**ခ) ဆရာ/မသည် အုပ်စုရှိကျောင်းသူ/သားများကို နားထောင်ချိန်ရပြီး ၎င်းတို့၏လက်ရှိနားလည်မှုကို ဆန်းစစ်ကာ နောက်တစ်ဆင့် သင်ယူသင့်သည်များကို အသိတရားရှိရှိဖြင့် ဆုံးဖြတ်နိုင်ပါသည်။**

**ဂ) သင်ခန်းစာအတွင်း ကျောင်းသူ/သားတစ်ယောက် လိုက်နိုင်မနိုင်၊ နားလည်မလည် သေချာအောင် စစ်ဆေးနိုင်ရန် အခွင့်ပေးပါသည်။**

ရှင်းလင်းချက် - ဆရာ/မက ကျောင်းသူ/သားများကို အတူတူလုပ်တတ်ရန်သင်ပေးခြင်းဖြင့် ထိရောက်သော အုပ်စုလိုက်ဆောင်ရွက်မှုအတွက် ပုံမှန်လုပ်ငန်းများ ချမှတ်ပေးလျှင် ကျောင်းသူ/သားများသည် လွတ်လပ်စွာလုပ်ဆောင်မည်။ သို့ဖြစ်ရာ ကျောင်းသူ/သားတစ်ဦးချင်း သို့မဟုတ် အုပ်စုတစ်ခုချင်း၏ သင်ယူမှုနှင့်တွေးခေါ်မှုကို ပိုမိုတိုးတက်ခိုင်မာစေရန် ဆရာ/မက မေးခွန်းမေးရန် အချိန်ရပါသည်။ ကျောင်းသူ/သားများကို အလုပ်လုပ်ခိုင်းစဉ် အဓိကကျောင်းသူ/သားများသည် နောက်ထပ်ပံ့ပိုးမှု လိုအပ်ခြင်း ရှိမရှိ စစ်ဆေးရန် ဆရာ/မအတွက် အချိန်ရပါသည်။